# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

သိုလှောင်နိုင်မှုပမာဏတို့ကို ဆန်းစစ်သုတေသနပြုလုပ်ရန်လိုကြောင်း၊ ရေအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ရေလှောင်တမံများအနီးရှိ ရေဝေရေလဲတောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ဆည်တာတမံများအတွင်း ရာသီမရွေး ရေရှိနိုင်ရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံစွာရရှိစေရေး တာဝန်ရှိသူများအနေဖြင့် စီမံဆောင်ရွက်သွားရန်လိုပြီး ဆည်များအတွင်းမှ ကျဆင်းသွားသည့် ရေများကိုလည်း အလေအလွင့်အနည်းဆုံးဖြစ်စေရေး တာ၊ တမံများကို သုတေသနပြု တည်ဆောက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့နယ် ရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် သုတေသနပြု ဆန်းစစ်ခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းလေးဒေသ ငလျင်ဒဏ်သင့်ခဲ့သည့် နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်

**တောင်ကြီး မေ ၂၀**

မန္တလေး ငလျင်ကြီးဒဏ်ကြောင့် အင်းလေးဒေသ ငလျင်ဘေးသင့်ခဲ့သောနေရာများ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်နိုင်ရန် ယမန်နေ့ နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ငလျင်ဒဏ်သင့်သည်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်များ တွေ့ရှိရသည့်အတွက် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်



သည့် ကူညီပံ့ပိုးမှုများ ပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က အင်းလေးဒေသ ငလျင် ဘေးသင့်ခဲ့သောနေရာများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက ကလောခရိုင် ညောင်ရွှေမြို့နယ်ရှိ ဟိုတယ်ဇုန်လှေဆိပ်တွင် အင်းလေးဒေသရှိ ငလျင်ဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် အသုံးပြုဆောင်ရွက်မည့် စက်ကိရိယာ ပစ္စည်းများ၊ အဆောက်အအုံဆောက်လုပ်မည့် သစ်၊ ဝါးပစ္စည်းများ၊ SheetPile ရိုက်မည့် ပစ္စည်းများ၊ ငလျင်ဒဏ်သင့်ကျေးရွာများသို့ သောက်သုံးရန် ရေသန့်ဖြန့်ဝေပေးနေမှုများ၊ ထောက်ပံ့မည့် ပစ္စည်းများကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် နန်းပန်မြို့ရပ်ကွက်(၁) ကြာတောကျေးရွာ မန္တလေး ငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့် ပြည်သူများကို သွားရောက်တွေ့ဆုံ၍ ငလျင်ဒဏ်သင့်ခဲ့သော အင်းလေးဖောင်တော်ဦး ဘုရားကိုလည်း နိုင်ငံတော်က ပြန်လည်ပြုပြင် ဆောင်ရွက်ပေးနေသကဲ့သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် အင်းလေး ဖောင်တော်ဦးဘုရား ငလျင်ဒဏ်သင့်ခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်မည့် ဘုရားရင်ပြင်ပတ်လည်အနီး Sheet Pile ရိုက်မည့်နေရာများ၊ ရင်ပြင်တော်ကျောက်ပြားခွာနေမှုများ၊ ပင်မကျောင်းဆောင် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ လျှပ်စစ်မီးတိုင်များ ပြုပြင်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**